UNHCR
The UN
Refugee Agency

# THAILAND

3 – 24 March 2016

## MEDIA MONITORING REPORT # 144

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### ကရင်လက်နက်ကိုင်အဖွဲ့များမှKNU၏နိုင်ငံရေးဦးဆောင်မှုအတိုင်းဆက်သွားရန်သဘောတူ

Karen news, 5 March 2016

ကရင်ပြည်နယ်၊ ဘားအံခရိုင်ရှိကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်စစ်ဌာနချုပ်၌၂၀၁၆ခုနှစ်၊ဖေဖော်ဝါရီလ(၂၉)ရက်နေ့တွင်ကျင်းပသောအစည်းအဝေးသည်ကရင်လက်နက်ကိုင်များညီညွတ်ရေးကောမတီထဲတွင်ပြုလုပ်သည့်ပုံမှန်အစည်းအဝေးတစ်ခုဖြစ်ပြီး KNLA, KNU/KNLA ငြိမ်းချမ်းရေးကောင်စီ၊ ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော်နှင့်မကြာသေးမီကပြန်လည်ဖွဲ့စည်းခဲ့သည့်တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်စသည်တို့မှတက်ရောက်ခဲ့ကြသည်။



KNLA စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီးစောဂျော်နီကအတူတကွလုပ်ကိုင်ဆောင်ရွက်ရန်အတွက်အဓိကရည်ရွယ်ချက်သည်စည်းလုံးညီညွတ်ခြင်းရေးဖြစ်ကြောင်းကရင်သတင်းစဥ်သို့ပြောကြားခဲ့သည်။

“အစည်းအဝေးမှာကျွန်တော်တို့ကရင်လက်နက်ကိုင်တွေနိုင်ငံရေးပိုင်းမှာအားလုံးပါဝင်ပြီးစည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့သွားကြဖို့ကျွန်တော်တို့သဘောတူညီခဲ့ကြပါတယ်။အားလုံးပါဝင်မှအကျိုးရှိမှာပေါ့။အရင်ကကျွန်တော်တို့သဘောတူညီထားခဲ့တဲ့အတိုင်းရှေ့ဆက်သွားကြဖို့ပါပဲ။”

အစည်းအဝေးအတွင်းဆွေးနွေးမှုများကိုလက်ရှိအဖွဲ့များအတွင်းဖြစ်ပွားနေသည့်ပြဿနာများနှင့်ပတ်သတ်သည့်စည်းလုံးညီညွတ်ရေးနှင့်အကြောင်းအရာကိစ္စများကိုအဓိကဦးတည်ထားဆွေးနွေးခဲ့သည်။ ရှေ့ဆက်အဖွဲ့များတညီတညွတ်တည်းစုစည်းရေး၊ကြိုးပမ်းလုပ်ဆောင်ရေးစသည့်သဘောထားများကိုဆက်လက်သဘောတူလက်ခံခဲ့ကြသည်။

**Link:** http://karennews.org/2016/03/karen-armed-groups-unite-agree-knu-takes-political-lead.html/

### NCA လက်မှတ်ရေးထိုးသည့်အဖွဲ့များထိပ်သီးညီလာခံကျင်းပမည်

Mon News Agency, 16 March 2016




ယမန်နှစ်၊အောက်တိုဘာလ၌ဦးသိန်းစိန်အစိုးရနှင့်အတူတစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)ကိုလက်မှတ်ရေးထိုးခဲ့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့သည်အစိုးရသစ်နှင့်အတူငြိမ်းချမ်းရေးကိစ္စများဆွေးနွေးနိုင်ရေးအ

တွက်ယခုလကုန်ပိုင်းတွင်ညီလာခံတစ်ရပ်ကျင်းပပြုလုပ်မည်ဖြစ်သည်။

"သူတို့နောက်တက်လာမယ့်အစိုးရနဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့အတွက်အရင်ဆုံးလက်မှတ်ထိုးထားတဲ့အဖွဲ့(၈)ဖွဲ့ကခေါင်းဆောင်တွေကထိပ်သီးအစည်းအဝေးတစ်ခုလုပ်ဖို့စီစဉ်နေကြတာပါ။ အသေချာတော့မသိရသေးဘူး။ လောလောဆယ်တော့ညှိနှိုင်းနေဆဲပဲလို့သိရတယ်" ဟုမြန်မာ့ငြိမ်းချမ်းရေးစင်တာ(MPC)ကဦးညိုအုန်းမြင့်ကပြောခဲ့သည်။

အဆိုပါအဖွဲ့(၈)ဖွဲ့၏ထိပ်သီးအစည်းအဝေးကိုရန်ကုန်မြို့ရှိမြန်မာ့ငြိမ်းချမ်းရေးစင်တာ(MPC)၌မတ်လ(၂၅)ရက်နေ့(သို့မဟုတ်)(၂၆)ရက်နေ့တွင်ပြုလုပ်သွားရန်အကြမ်းဖျင်းရက်သတ်မှတ်ထားကြောင်းငင်းကဆိုသည်။

အဆိုပါအဖွဲ့(၈)ဖွဲ့၏ထိပ်သီးအစည်းအဝေးကိုရန်ကုန်မြို့ရှိမြန်မာ့ငြိမ်းချမ်းရေးစင်တာ၌မတ်လနေ့တွင်ပြုလုပ်သွားရန်အကြမ်းဖျင်းရက်သတ်မှတ်ထားကြောင်းငင်းကဆိုသည်။

သမ္မတဦးသိန်းစိန်အစိုးရသည်၂၀၁၆ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင်အစိုးရသက်တမ်းကုန်ဆုံးမည်ဖြစ်ပြီအစိုးရသစ်ကိုယမန်နှစ်ကအထွေထွေရွေးကောက်ပွဲတွင်အနိုင်ရသည့်အမျိုးသားဒီမိုကရေစီအဖွဲ့မှဦးဆောင်မည်ဖြစ်သည်။ NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များနှင့်NLDအစိုးရသစ်တရားဝင်မတွေ့ဆုံမီထိပ်သီးအစည်းအဝေးညီလာခံတစ်ရပ်ကျင်းပရန်စီစဉ်နေခြင်းဖြစ်သည်။

**Link:** http://monnews.org/2016/03/16/nca-signatories-hold-summit/

## တရားဥပဒေနှင့်အုပ်ချုပ်မှု

### နှစ်ပေါင်း(၅၃)နှစ်အတွင်းပထမဆုံးအရပ်သားသမ္မတအဖြစ်လွှတ်တော်မှဦးထင်ကျော်အားရွေးချယ်

The Guardian, 15 March 2016

၁၉၆၂ခုနှစ်တွင်စစ်တပ်မှအာဏာသိမ်းပြီးသည့်နောက်ပိုင်းမှစ၍နိုင်ငံ၏စစ်တပ်မှမဟုတ်သောပထမဦးဆုံးသမ္မတကိုမြန်မာ့လွှတ်တော်မှဦးထင်ကျော်အားရွေးကောက်တင်မြှောက်ခဲ့သည်။



ဒေါ်အောင်ဆန်းစုကြည်၏အနီးကပ်အကြံပေးတစ်ဦးဖြစ်ပြီးသစ္စာရှိသောသူငယ်ချင်းတစ်ဦးလည်းဖြစ်သူအသက်(၆၉)နှစ်အရွယ်ရှိဦးထင်ကျော်အားပြီးခဲ့သည့်ရက်သတ္တပတ်တွင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှအဆိုပြုတင်သွင်းခဲ့ပြီးအင်္ဂါနေ့၌လွှတ်တော်တွင်သမ္မတနေရာအတွက်ဆန္ဒမဲပေးခဲ့သည်။

နောက်ဆုံးမဲစာရင်းအရဆန္ဒမဲပေးသူ(၆၅၂)မဲတွင်ဦးထင်ကျော်မှ(၃၆၀)မဲရရှိခဲ့သည်။ဒုတိယသမ္မတနစ်နေရာအတွက်စစ်တပ်ဘက်မှအဆိုပြုတင်သွင်းသည့်ဦးမြင့်ဆွေနှင့်ချင်းတိုင်းရင်းသားကိုယ်စားလှယ်ဦးဟင်နရီဗန်ထီးယူတို့ရရှိပြီးဒုတိယသမ္မတ(၁)နှင့်(၂)နေရာအသီးသီးရရှိမည်ဖြစ်သည်။

ဦးထင်ကျော်သည် UK ရှိတက္ကသိုလ်တွင်တက်ရောက်ရန်အတွက်စကောလားရှစ်မရရှိမီဒေါ်အောင်ဆန်းစုကြည်နှင့်အတူရန်ကုန်တွင်ကျောင်းအတူတူတက်ခဲ့သူတစ်ဦးဖြစ်ပြီးNLDခေါင်းဆောင်အားရန်ကုန်အပြင်ဘက်ရှိနေရာများသို့ခရီးသွားရန်အတွက်ကြိုးပမ်းကူညီခဲ့သောကြောင့်၂၀၀၀ခုနှစ်တွင်ထောင်(၄)လကျခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏မိခင်ကွယ်လွန်ပြီးနောက်ပိုင်းတွင်ကုသိုလ်ဖြစ်တည်ထောင်ထားသောဒေါ်ခင်ကြည်ဖော်ဒေးရှင်းတွင်အကြီးတန်းအမှုဆောင်တစ်ဦးလည်းဖြစ်သည်။လေးစားဖွယ်ရာစာရေးဆရာနှင့်ကဗျာဆရာကြီးမင်းသုဝဏ်၏သားဖြစ်သည်။

ဦးမြင့်ဆွေမှ(၂၁၃)မဲရရှိပြီးဦးဟန်နရီဗန်သိုမှ(၇၉)မဲရရှိသည်။

**Link:** http://www.theguardian.com/world/2016/mar/15/myanmar-parliament-elects-htin-kyaw-as-first-civilian-president-in-53-years

## NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များနှင့်လက်မှတ်မရေးထိုးသည့်အဖွဲ့များမှခေါင်းဆောင်သစ်များအားကြိုဆို

The Irrawaddy, 17 March 2016

တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်အားလက်မှတ်ရေးထိုးသည့်အဖွဲ့များနှင့်လက်မှတ်မရေးထိုးသည့်အဖွဲ့များမှနိုင်ငံ၏သမ္မတအသစ်နှင့်ဒုသမ္မတအသစ်များကိုထောက်ခံကြိုဆိုလိုက်ကြသည်။



တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်တွင်လက်မှတ်မရေးထိုးသောမဟာမိတ်အဖွဲ့(၉)ဖွဲ့ဖြင့်ဖွဲ့စည်းထားသည့်ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)မှမြန်မာနိုင်ငံသည်ငြိမ်းချမ်းရေးဆီသို့လှမ်းလာသည့်အားလျော်စွာဤသို့ရွေးချယ်မှုပြုလုပ်ခြင်းသည်အပြုသဘောဆောင်သည့်ဖွံ့ဖြိုးတိုးတက်မှုများ၏ရှေ့ပြေးတစ်ခုပင်ဖြစ်ကြောင်းထုတ်ဖော်ပြောဆိုခဲ့သည်။

“ဒေါ်အောင်ဆန်းစုကြည်ကသူ့မအနေနဲ့အမျိုးသားစည်းလုံးညီညွတ်ရေးကိုအာရုံစိုက်ဦးတည်ထားဆောင်ရွက်သွားမှာဖြစ်ပြီး NCAမှာမပါဝင်တဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကိုပါဝင်နိုင်အောင်ကြိုးပမ်းသွားမယ်လို့အရင်ကပြောခဲ့ပါတယ်။ဒါဟာအမှန်တကယ်ဖြစ်လာလိမ့်မယ်လို့ကျွန်တော်ယုံကြည်ပါတယ်”ဟု UNFC ၏ဒုတိယဥက္ကဌဖြစ်သူနိုင်ဟောင်ဆာကပြောခဲ့သည်။

NCA လက်မှတ်ရေးထိုးသည့်အဖွဲ့များတွင်အင်အားအကြီးဆုံးအဖွဲ့များထဲမှတစ်ဖွဲ့အပါအဝင်ဖြစ်သည့် KNU လက်နက်ကိုင်အဖွဲ့မှလည်းမကြာသေးမီကရွေးကောက်တင်မြှောက်လိုက်သည့်သမ္မတနှင့်ဒုသမ္မတများကိုကြိုဆိုပါကြောင်းကရင်အမျိုးသားအစည်းအရုံး(KNU)၏အထွေထွေအတွင်းရေးမှူးဖြစ်သူကွယ်ထူးဝင်းကဧရာဝတီသို့ပြောခဲ့သည်။

**Link:** http://www.irrawaddy.com/factiva/nca-signatories-abstainers-welcome-new-leadership.html

## ရွေးကောက်ခံမြန်မာသမ္မတမှဝန်ကြီးဌာနများအဆိုပြုတင်သွင်း

Radio Free Asia, 17 March 2016

ကြာသာပတေးနေ့၌သမ္မတရွေးကောက်တင်မြှောက်ရာတွင်ရွေးကောက်ခံသမ္မတဖြစ်လာသည့်မြန်မာနိုင်ငံ၏သမ္မတဦးထင်ကျော်သည်အစိုးရဝန်ကြီးဌာန(၃၆)ခုမှ(၂၁)ခုသို့လျှော့ချထားမည့်အဆိုပြုချက်ကိုလွှတ်တော်သို့တင်သွင်းခဲ့ပြီးဒေါ်အောင်ဆန်းစုကြည်ကတိပေးထားသည့်အတိုင်းအစိုးရကိုကျစ်ကျစ်လစ်လစ်ဖြင့်ပြည်လည်ဖွဲ့စည်းပြီးအားလုံးပါဝင်နိုင်ရန်အတွက်တိုင်းရင်းသားရေးရာဝန်ကြီးဌာနအသစ်တစ်ခုကိုဖွဲ့စည်းမည်ဖြစ်သည်။



အသစ်ဖွဲ့စည်းလိုက်သည့်ဝန်ကြီးဌာနသည်တိုင်းရင်းသားရေးရာများအတွက်တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီးတိုင်းရင်းသားများအတူတကွဖြစ်လာစေရန်အလို့ငှာငြိမ်းချမ်းရေးနှင့်အမျိုးသားရင်ကြားစေ့ရေးအတွက်ဒေါ်အောင်ဆန်းစုကြည်၏အစီအ

စဉ်အားအကောင်အထည်ဖော်ဆောင်ရန်နှင့်တိုင်းရင်းသားလက်နက်ကိုင်အချို့အဖွဲ့များနှင့်အစိုးတပ်မတော်အတွင်းဖြစ်ပွားနေသည့်တိုက်ပွဲများအဆုံးသတ်နိုင်ရန်အတွက်ဖွဲ့စည်းခြင်းဖြစ်သည်။

ဧပြီလ(၁)ရက်နေ့တွင်အာဏာလွှဲပြောင်းယူမည့် NLD သည်ဝန်ကြီး(၁၈)ဦးခန့်ထားမည်ဖြစ်ပြီးကျန်ရှိသည့်ဝန်ကြီးဌာ(၃)နေရာအတွက်စစ်တပ်မှနိုင်ငံအားအုပ်ချုပ်စဉ်ရေးဆွဲထားခဲ့သည့်မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်ကာကွယ်ရေးစစ်ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနတို့အတွက်ခန့်ထားပေးမည်ဖြစ်သည်။

မတ်လ(၂၀)ရက်နေ့နောက်ပိုင်းတွင်ဝန်ကြီးများ၏အမည်ကိုထုတ်ပြန်ကြေငြာမည်ဟု NLD ၏ပြောရေးဆိုခွင့်ရှိသူဇော်မြင့်မောင်ကပြောခဲ့သည်။

**Link:** [http://www.rfa.org/english/news/myanmar/myanmars-president-elect-submits-proposal-to-shake-up-ministries-03172016160330.html](http://www.rfa.org/english/news/myanmar/myanmars-president-elect-submits-proposal-to-shake-up-ministries-03172016160330.html)

## မြန်မာ့လွှတ်တော်မှဝန်ကြီး(၁၈)ဦးကိုအတည်ပြု

Xinhua, 24 March 2016

အစိုးရဝန်ကြီးဌာန(၂၁)ခုတွင်လုပ်ကိုင်ဆောင်ရွက်ရန်အတွက်သမ္မတဦးထင်ကျော်တင်သွင်းသည့်ဒေါ်အောင်ဆန်းစုကြည်အပါအဝင်အဆိုပြုခံရသူ(၁၈)ဦးကိုကြာသာပတေးနေ့၌မြန်မာ့ပြည်ထောင်စုလွှတ်တော်တွင်အတည်ပြုလိုက်သည်။




ဝန်ကြီးအမည်စာရင်းမှာ-ဒေါ်အောင်ဆန်းစုကြည်(နိုင်ငံခြားရေးရာဝန်ကြီး ၊ ပညာရေးဝန်ကြီး ၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီး ၊သမ္မတရုံးဝန်ကြီး )၊ ဦးသူရအောင်ကို(ယဉ်ကျေးမှုနှင့်သာသနာရေးရာဝန်ကြီး) ၊ဦးအောင်သူ(စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး) ၊ ဦးခင်မောင်ချို(စက်မှုဝန်ကြီး)၊ ဦးကျော်ဝင်း(စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) ၊ဒေါက်တာမြင့်ထွေး(ကျန်းမာရေးဝန်ကြီး) ၊ဦးနိုင်သက်လွင်(တိုင်းရင်းသားရေးရာဝန်ကြီး) ၊ဦးအုန်းမောင် (ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး)၊ ဦးအုန်းဝင်း(သံယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးဝန်ကြီး)၊ ဦးဖေမြင့်(ပြန်ကြားရေးဝန်ကြီး)၊ ဦးသန်းမြင့်(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး) ၊ ဦးသန့်စင်မောင်(ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး) ၊ ဦးသိန်းဆွေ(အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး)၊ ဦးဝင်းခိုင်(ဆောက်လုပ်ရေးဝန်ကြီး) ၊ ဦးဝင်းမြတ်အေး(လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး)၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ(ပြည်ထဲရေးဝန်ကြီး)၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း(ကာကွယ်ရေးဝန်ကြီး)၊ နှင့်ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်(နယ်စပ်ရေးရာဝန်ကြီး)စသည်တို့ဖြစ်သည်။

**Link:** [http://news.xinhuanet.com/english/2016-03/24/c_135219418.htm](http://news.xinhuanet.com/english/2016-03/24/c_135219418.htm)
[http://www.irrawaddy.com/factiva/meet-burmas-next-cabinet.html](http://www.irrawaddy.com/factiva/meet-burmas-next-cabinet.html)

# စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

## ဂျပန်မှလာမည့်အစိုးရသစ်ကိုယူအက်စ်ဒေါ်လာ(885)သန်းကူညီမည်

Frontier Myanmar, 8 March 2016




လာမည့်အစိုးရထံမှတောင်းဆိုချက်အရဂျပန်အစိုးရသည်မြန်မာနိုင်ငံသို့ချေးငွေယူအက်စ်ဒေါ်လာ(၈၈၅)သန်းပေးရန်ပြင်ဆင်နေပြီဖြစ်ကြောင်းကိုဂျပန်တိုင်းမ်သတင်းစာ၏ဖော်ပြချက်အရသိရှိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှဧပြီလတွင်အာဏာလွှဲပြောင်းယူပြီးနောက်ပိုင်းများမကြာမီအာဘေးအစိုးရသည်မြန်မာနိုင်ငံ၌၎င်းတို့၏တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအကူအညီပေးရေးအစီအစဉ်ကိုမြှင့်တင်ပံ့ပိုးကူညီပေးရန်အတွက်ယခုနှစ်လယ်ပိုင်းတွင်အသေးစိတ်အစီအစဉ်ပြုစုရေးစွဲရန်မျှော်မှန်းထားကြောင်းအစိုးရပိုင်းဆိုင်ရာအရင်းအမြစ်များကိုကိုးကားကာတနင်္လာနေ့အစီရင်ခံစာတွင်ဖော်ပြခဲ့သည်။

ငွေထုတ်ပေးခြင်းကိုရန်ကုန်နယ်နိမိတ်များရှိလျှပ်စစ်ဓာတ်အားလည်ပတ်ခြင်းနှင့်သယ်ယူပို့ဆောင်ရေးကွန်ယက်များတိုးတက်မှုပေါ်တွင်ဦးတည်ထားရန်မျှော်မှန်းထားသည်ဟုဂျပန်တိုင်းမ်သတင်းစာ၏အဖော်ပြချက်အရသိရှိရသည်။

၂၀၁၃ခုနှစ်တွင်ဒေါ်လာ(၁.၇)သန်းအားအကြွေးခြေဖျက်ပေးခဲ့ခြင်းနှင့်အတူဂျပန်မှမြန်မာနိုင်ငံအားဆက်သွယ်ရေး၊ရေပေးဝေရေး၊အခြေခံအဆောက်အဦးများနှင့်ကျန်းမာရေးစီမံကိန်းများအတွက်ကူညီငွေဒေါ်လာ(၆၈၁)သန်းထုတ်ဝေပေးခဲ့သည်ဟုဂျပန်နိုင်ငံခြားရေးရာဝန်ကြီးဌာနမှပြောကြားခဲ့သည်။

**Link:** http://frontiermyanmar.net/en/business/japan-planning-885m-aid-offer-next-govt

## ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှဓာတ်အားအပြည့်အဝပြန်လည်ထုတ်ပေးတော့မည်

The Global New Light of Myanmar, 3 March 2016

ကယားပြည်နယ်ရှိသက်တမ်း(၅၂)နှစ်ရှိပြီဖြစ်သောဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည်ပြန်လည် လည်ပတ်နေပြီဖြစ်ပြီးစီမံကိန်းအားဘက်ပေါင်းစုံပြန်လည်ထူထောင်ပြီးစီးသည့်နောက်ဆက်တွဲအရနဂိုမူလစွမ်းအင်(၁၆၈)မီဂါဝပ်ဖြင့်အရင်အတိုင်းပြန်လည်လည်ပတ်နေပြီဖြစ်သည်။


Biluchaung Hydro Power Station. Photo: Than Oo (Laymyathnar)

၂၀၁၅-၂၀၁၆ ခုနှစ်၌မြန်မာနိုင်ငံတွင်ဟိုက်ဒရိုပါဝါဓာတ်အားပေးစက်ရုံများ၊သဘာဝဓာတ်ငွေ့စက်ရုံများ၊ဒီဇယ်စွမ်းအင်စက်ရုံများနှင့်ကျောက်မီးသွေးဓာတ်အားပေးစက်ရုံစသည်တို့မှလျှပ်စစ်ဓာတ်အားစုစုပေါင်း(၅၂၃၅)မီဂါဝပ်ရှိပြီးလွန်ခဲ့သော၂၀၁၀-၂၀၁၁ဖြစ်သည့်လွန်ခဲ့သောငါးနှစ်ကျော်တွင်(၃၄၁၃)မီဂါဝပ်မှ(၁၈၂၂)မီဂါဝပ်အထက်ရှိခဲ့ကာနိုင်ငံတလျှောက်တွင်လျှပ်စစ်ဓာတ်အား(၃၄)ရာခိုင်နှုန်းရရှိသည်ကိုတွေ့မြင်ရသည်။

ရရှိလာသည့်သတင်းအရင်းအမြစ်များအရကယားပြည်နယ်ရှိမြို့နယ်အားလုံးတွင်လျှပ်စစ်မီးရရှိနေကြပြီဖြစ်သည်။ နောက်ဆုံးလျှပ်စစ်မီးရရှိသည့်မယ်စဲ့မြို့ကို၂၀၁၅-၂၀၁၆ခုနှစ်တွင်လျှပ်စစ်မီးသွယ်တန်းပေးခဲ့သည်။ ဤဘဏ္ဍာရေးနှစ်အတွင်းကျေးရွာ(၁၁၄)ရွာတွင်(၄၂)ရွာကိုမီးပေးနိုင်ခဲ့ပြီးကျေးရွာ(၅၁၁)ရွာရှိသောကယားပြည်နယ်တွင်(၁၄၂)ရွာလျှပ်စစ်မီးရရှိနေပြီဖြစ်ကာကျန်ရှိနေသေးသည့်ကျေးရွာ(၇၃)ရွာကိုလျှပ်စစ်မီးသွယ်တန်းပေးရန်အတွက်စတင်ဆောင်ရွက်နေပြီဖြစ်သည်။

လျှပ်စစ်ဓာတ်အားပေးဝန်ကြီးဌာန၏ပြောကြားချက်အရယခုနှစ်ပြည်နယ်ဘဏ္ဍာနှစ်ကုန်တွင်လျှပ်စစ်မီးရရှိမည့်ကျေးရွာအရေအတွက်စုစုပေါင်း(၂၅၆)ရွာရှိပြီးလာမည့်နှစ်တွင်လျှပ်စစ်မီး(၉၀)ရာခိုင်နှုန်းထိရရှိနိုင်မည်ဟုမျှော်မှန်းထားသည်။

**Link:** https://issuu.com/myanmarnewspaper/docs/3_mar_16_gnlm

## ကမ္ဘာလှည့်ခရီးသွားလာရေးကိုဗဟိုပြုနေသည့်ကယားပြည်နယ်

Myanmar Times, 9 March 2016



ကမ္ဘာ့အကြီးဆုံးကမ္ဘာလှည့်ခရီးသွားလာရေးပြပွဲဖြစ်သည့်ဘာလင်နိုင်ငံတကာခရီးသွားလာရေးကုန်သွယ်ပြပွဲ(ITB) တွင်ပြပွဲစတင်ကျင်းပသည့်ယနေ့မှစ၍မတ်လ(၁၁)ရက်နေ့ထိတိုင်အောင်ကြေငြာအစီအစဉ်များနှင့်အတူနိုင်ငံ၏နောက်ဆုံးဖြစ်ပေါ်နေသောခရီးသွားလာရေးအကြောင်းအရာများကိုပြပွဲတွင်ရှင်းလင်းတင်ပြခဲ့သောကြောင့်မြန်မာနိုင်ငံ၏ကမ္ဘာလှည့်ခရီးသွားလာရေးဈေးကွက်သည်ကယားပြည်နယ်၌လူထုအခြေစိုက်ခရီးသွားလုပ်ငန်းများအားဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ပြပွဲရှိကြေငြာပရိုမိုးရှင်းသည်ယခုလက်ရှိတွင်ပြည်နယ်ရှိကျေးရွာနှစ်ရွာအားဦးတည်ထားဆောင်ရွက်နေသည့်ယူအက်ဒေါ်လာ(၁.၉)မီလီယမ်ရှိသောစီမံကိန်း၏တစိတ်တပိုင်းဖြစ်သည်။ the Netherlands Fund Trust အဖွဲ့မှပံ့ပိုးကူညီပေးမှုဖြင့်၂၀၁၄ခုနှစ်၊ဇွန်လတွင်စတင်ခဲ့ပြီးဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့်နိုင်ငံတကာကုန်သွယ်မှုစင်တာ(ITC)နှင့်ပြည်ထောင်စုမြန်မာနိုင်ငံခရီးသွားလာရေးအသင်းတို့သည်စီမံကိန်းအားအကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

“ITC ကဒေသခံများအတွက်နည်းပညာနဲ့သင်တန်းတွေကိုအဓိကပံ့ပိုးကူညီပေးပါတယ် ” ဟု travel company 9 Generation Force ၏မန်နေဂျင်းဒါရိုက်တာဖြစ်သူဦးနေမိုးအောင်ကပြောပြခဲ့သည်။

ထနီးလာလက်သည်သဘာဝရေကန်(၇)ကန်နှင့်အနီးကပ်တည်ရှိသည့်တိုင်းရင်းသားကယန်းကျေးရွာတစ်ရွာဖြစ်ပြီးပန်ပက်ကျေးရွာစုသည်အမျိုးသမီးများလည်ပင်းတွင်ကြေးကွင်းများဝတ်ဆင်လေ့ရှိသောကြောင့်နာမည်ကျော်ကြားသည့်တိုင်းရင်းသားပဒေါင်လူမျိုးများ၏ဇာတိရွာဖြစ်သည်။

ကယားပြည်နယ်ကဲ့သို့သောနေရာများတွင်ဖွံ့ဖြိုးတိုးတက်မှုများကိုလုပ်ဆောင်ခြင်းအားဖြင့်ရန်ကုန်၊ပုဂံနှင့်အင်းလေးကန်ကဲ့သို့သောပိုမိုနာမည်ကျော်ကြားသည့်ခရီးသွားလာရေးနေရာများအပေါ်ဝန်ပိခြင်းမှကူညီရာရောက်ပြီးခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတက်မှုများကိုရေရှည်ပံ့ပိုးပေးရာလည်းရောက်သည်။

**Link:** http://www.mmtimes.com/index.php/lifestyle/travel/19372-kayah-state-the-focus-at-world-travel-fair.html

## မြန်မာစစ်တပ်မှကလေးစစ်သား(၄၆)ဦးကိုထွက်ခွင့်ပြု - U.N

Reuters, 14 March 2016

မြန်မာစစ်တပ်သည်အသက်မပြည့်သေးသောကလေးစစ်သားနှင့်လူငယ်လူရွယ်စုစုပေါင်း(၄၆)ဦးကိုစစ်တပ်မှနုတ်ထွက်ခွင့်ပြုလိုက်သည်ဟုတနင်္လာနေ့တွင်ထုတ်ပြန်သည့်ကုလသမဂ္ဂ၏ကြေငြာချက်တွင်ပါရှိပြီးအသက်မပြည့်သေးသောတပ်သားများကိုယခုနှစ်တွင်ဦးဆုံးအကြိမ်တပ်မှထွက်ခွင့်ပြုခြင်းဖြစ်သည်။

စစ်တပ်သည်တပ်ထဲတွင်အသက်မပြည့်သေးသောကလေးစစ်သားများအသုံးပြုမှုကိုအဆုံးသတ်ရန်အတွက်၂၀၁၂ခုနှစ်၌ U.N နှင့်အတူပူးတွဲလုပ်ဆောင်ရေးအစီအစဉ်ကိုလက်မှတ်ရေးထိုးပြီးသည့်အချိန်မှစ၍တပ်မတော်မှကလေးစစ်သား(၇၄၅)ဦးကိုတပ်မှနုတ်ထွက်ခွင့်ပြုခဲ့သည်။

၂၀၁၁ခုနှစ်၌အရပ်သားအစိုးရထံအာဏာလွှဲပြောင်းပြီးနောက်ပိုင်းတွင်တပ်မတော်သည်၎င်း၏စစ်တပ်အားပရော်ဖက်ရှင်နယ်ဖြစ်လာစေရန်အတွက်ခြေလှမ်းအချို့လှမ်းလာခဲ့သည်။ထိုသို့ပြုလုပ်ခြင်းတွင်အသက်(၁၈)နှစ်အောက်ရှိသည့်ကလေးစစ်သားများကိုထွက်ခွင့်ပြုခြင်းလည်းပါဝင်လာသည်။

"တပ်ကထွက်လာတဲ့ကလေးစစ်သားတွေနဲ့လူငယ်လူရွယ်တွေဟာတိုင်းပြည်မှာသူတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ပူးပေါင်းပါဝင်ဖို့အတွက်သူတို့ဘဝတွေပြန်လည်စတင်ဖို့နဲ့အလုပ်အကိုင်အခွင့်အလမ်းသစ်တွေရရှိစေဖို့ကူညီပေးရန်အတွက်ဆောင်ရွက်နေတဲ့ပြည်လည်ပေါင်းစည်းရေးအစီအစဉ်တွေကနေတဆင့်သူတို့အကျိုးကျေးဇူးတွေရရှိပါလိမ့်မယ်" ဟု U.N ကပြောကြားခဲ့သည်။

**Link:** http://www.reuters.com/article/us-myanmar-military-children-idUSKCN0WG0RY

## စာသင်ကျောင်း(၄)ကျောင်းနှင့်လမ်းမကြီးတစ်လမ်းတည်ဆောက်ရန်ဂျပန်မှ အမေရိကန်ဒေါ်လာ (၇၃၉,၂၆၂)ပေးအပ်

The Global New Light of Myanmar, 23 March 2016

မတ်လ(၁၇)ရက်နေ့၌ ဂျပန်သံအမတ်ကြီး Mr. Tateshi HIGUCHI နှင့် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးများမှကော်မတီဝင်ဥက္ကဋ္ဌများသည်စီမံကိန်း(၅)ခုအတွက်အထောက်အပံ့ပေးရေးသဘောတူစာချုပ်များကိုလက်မှတ်ရေးထိုးခဲ့သည်။



ဂျပန်နိုင်ငံအစိုးရသည်၎င်း၏အသေးစားစီမံကိန်းများထောက်ပံ့ပေးရေးအစီအစဉ်အရစုစုပေါင်းအမေရိကန်ဒေါ်လာ(၇၃၉,၂၆၂)ကိုလူသားချင်းစာနာထောက်ထားမှုအထောက်အပံ့အဖြစ်ပေးအပ်ခဲ့ရာအဆိုပါစီမံကိန်းများမှာ- ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊အိန္ဒုမူလတန်းကြိုကျောင်းဆောက်လုပ်ရေးစီမံကိန်းအတွက်အမေရိကန်ဒေါ်လာ (၉၄,၇၁၃) အားငင်း ၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် ၊ပင်ဟဲကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲဆောက်လုပ်ရေးစီမံကိန်းအတွက်အမေရိကန်ဒေါ်လာ(၂၃၁,၀၇၇) အားငင်း၊ ချင်းပြည်နယ်၊ထန်တလန်မြို့နယ်၊ နရိန်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းဆောက်လုပ်ရေးစီမံကိန်းအတွက်အမေရိကန်ဒေါ်လာ(၂၀၄,၂၃၅)အားငင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ် ၊ သရက်ပင်ကွင်း-ကြို့ကုန်းလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းအတွက်အမေရိကန်ဒေါ်လာ(၁၁၁,၁၇၈) နှင့် ပဲခူးတိုင်းဒေသကြီး ၊ ဝေါမြို့နယ်၊ ဦးဖိုးစိန်အခြေခံပညာအထက်တန်းကျောင်းဆောက်လုပ်ရေးစီမံကိန်းအတွက်အမေရိကန်ဒေါ်လာ(၉၈,၀၅၉)တို့ဖြစ်ကြသည်။

ဂျပန်နိုင်ငံအစိုးရသည်မြန်မာနိုင်ငံတွင်အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှစတင်ပြီးစီမံကိန်းပေါင်း(၇၇၀)ခုကိုထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ၊ပညာရေးထောက်ပံ့ရေးစီမံကိန်းပေါင်း(၃၆၅)ခု၊ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ရေးစီမံကိန်းပေါင်း(၁၉၅)ခုနှင့်လူမှုဖူလုံရေးနှင့်ပတ်ဝန်းကျင်စီမံကိန်းပေါင်း(၁၃၈)ခု၊ အခြေခံအဆောက်အဦးစီမံကိန်းပေါင်း(၃၇)ခုနှင့်အခြားအမျိုးမျိုးသောစီမံကိန်းပေါင်း(၃၅)ခုတို့ကိုဆောက်လုပ်ကူညီခဲ့ပြီးဖြစ်သည်။

**Link:** http://globalnewlightofmyanmar.com/jpn-grants-us739262-for-four-schools-one-road-construction/

## မွန်ပြည်နယ်ရှိစက်မှုဇုန်သစ်ကိုယခုလတွင်စတင်ဖွင့်လှစ်မည်

The Global New Light of Myanmar, 16 March 2016



မွန်ပြည်နယ်တွင်တည်ရှိသောကျောက်တန်းစက်မှုဇုန်ကိုမတ်လ(၂၆)ရက်နေ့တွင်တရားဝင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ကျောက်တန်းစက်မှုဇုန်အကောင်အထည်ဖော်ရေးကော်မတီမှကြေငြာခဲ့သည်။

စက်မှုဇုန်စီမံကိန်းဆောက်လုပ်ရေးကို၂၀၁၄ခုနှစ်တွင်စတင်ခဲ့သည်။ မွန်ပြည်နယ်အစိုးရ၏ညွှန်ကြားချက်အောက်မှနေ၍ မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှဦးဆောင်ခဲ့ သော်လည်းပုဂ္ဂလိကငွေကြေးရန်ပုံငွေဖြင့်သာလုပ်ဆောင်ခဲ့သည်။ နိုင်ငံတဝှမ်းမှရင်းနှီးမြှုပ်နှံသူစုစုပေါင်း(၅၉)ဦးသည်(၂၅၄)ဧကရှိသည့်စက်မှုဇုန်မှမြေများကိုဝယ်ယူခဲ့ကြသည်။

စက်မှုဇုန်တွင်သွပ်၊ သံဆူးကြိုး၊ ဘိလပ်မြေ ၊ စားသောက်ဖွယ်ရာများထုတ်လုပ်ခြင်း၊ အဝတ်အထည်များ၊ ရွှေသန့်စင်ခြင်း၊ ရေခဲစက်ရုံများ၊ ဖိနယ်ထုတ်လုပ်ရာတွင်လိုအပ်သည့်ပစ္စည်းများ၊ပရိဘောဂများ၊ ပလတ်စတစ်လုပ်ငန်းများ၊ ပင်လယ်စာအအေးခန်းသိုလှောင်ရုံများနှင့်ကားပစ္စည်းစီးပွားရေးလုပ်ငန်းများစသည်ဖြင့်အမျိုးမျိုးသောစီးပွားရေးလုပ်ငန်းများပါဝင်သည်။

**Link:** http://globalnewlightofmyanmar.com/new-industrial-zone-in-mon-state-to-open-this-month-2/

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

UNHCR The UN Refugee Agency